အကြောင်းအရာ၊ ကာလ၊ အချိန်နာရီ အပြည့်အစုံ ဖော်ပြလျှင် အထောက်အထား ပူးတွဲတင်ပြရပါမည်။ အကန့်အသတ်မရှိ ခံစားခွင့်ရှိပါသည်။

၂(င) Presentation and Papers သည် အင်ဂျင်နီယာဘာသာရပ်ဆိုင်ရာ စာတမ်းများဖတ်ခြင်း၊ တင်သွင်းခြင်းတွင် အများပြည်သူရှေ့တွင် တင်ပြခြင်းအတွက် public presentation အကျုံးဝင်ပါသည်။ စာတမ်း (၁) စောင်အပေါ်တွင် သတ်မှတ်ပါသည်။ စာတမ်းခေါင်းစဉ်ကို ဖော်ပြရန်လိုအပ်ပြီး အထောက်အထားပူးတွဲတင်ပြရန်လိုအပ်ပါသည်။ အများဆုံး (၃၀)နာရီသာ အကန့်အသတ်ဖြင့် ခံစားခွင့်ရှိပါသည်။ ဤတွင် public presentation ဖြစ်၍ မိမိအလုပ်အတွက် ဌာနဆိုင်ရာများတွင် စီမံကိန်းအတွတင်ပြရသော project presentation များအတွက် အကျုံးမဝင်ပါ။

၂(စ) Service Activities သည် အင်ဂျင်နီယာလုပ်ငန်း အတတ်ပညာဖြင့် ပညာရပ်ဆိုင်ရာ အသင်းအဖွဲ့များတွင် ပါဝင်ဆောင်ရွက်ခြင်း၊ အများအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အင်ဂျင်နီယာပညာရပ်ဆိုင်ရာဆောင်းပါးများရေးသားခြင်း တို့အတွက်အကျုံးဝင်ပါသည်။ အများဆုံးနာရီ(၃၀)သာ အကန့်အသတ်ဖြင့်ခံစားခွင့်ရှိပါသည်။

၂(ဆ) Industry Involvement ( for academician) သည် အင်ဂျင်နီယာပညာရေးအပိုင်းတွင် ဆောင်ရွက်နေသော အင်ဂျင်နီယာများ(ဆရာများ)အနေဖြင့် ပြင်ပအင်ဂျင်နီယာလုပ်ငန်းများတွင် လက်တွေ့ပါဝင်ဆောင်ရွက်နေမှုများ အတွက် ဖြစ်ပါသည်။ အင်ဂျင်နီယာကောင်စီနှင့် အင်ဂျင်နီယာအသင်းတို့တွင်စာမေးပွဲကိစ္စပါဝင်ဆောင်ရွက်ပေးခြင်းလည်းအကျုံးဝင်ပါသည်။ အများဆုံးနာရီ(၃၀) သာအကန့်အသတ်ဖြင့် ခံစားခွင့်ရှိပါသည်။

၅။ CPD သည် အင်ဂျင်နီယာတစ်ဦးအနေဖြင့် စဉ်ဆက်လေ့လာသင်ယူနေခြင်းကို အသိအမှတ်ပြုအမှတ် ပေးခြင်းဖြစ်၍အထောက်အထား အသေးစိတ်ဖော်ပြသောကိစ္စများတွင် မပါဝင်ခဲ့သော်ထူးခြားတင်ပြချက်ဖြစ်ပါက CPD ကော်မတီအနေဖြင့်စဉ်းစား၍ ဆုံးဖြတ်ပေးမည်ဖြစ်ပါသည်။

၆။ တင်ပြသူမှလည်း တင်ပြချက်များကို အထက်ပါအတိုင်း ပြည့်ပြည့်စုံစုံဖော်ပြရန်လိုအပ်ပါသည်။ မပြည့်စုံပါက စီစစ်ရန်အခက်အခဲရှိပါ၍ တင်ပြသူမှနစ်နာနိုင်ပါသည်။

၇။ CPD အမှတ်တွက်ချက်ရာတွင်လည်း သာမန်အားဖြင့် တစ်နာရီလျှင် (၁)မှတ် သတ်မှတ်ပါသည်။

၈။ CPD နာရီလိုအပ်ချက်မှာ လုပ်သက်အလိုက် သတ်မှတ်ပါသည်–

| | | |
|---|---|---|
| (က) | ၂၀နှစ်နှင့်အထက် | ၂၀ နာရီ |
| (ခ) | ၁၅နှစ်မှ ၁၉နှစ် | ၂၅ နာရီ |
| (ဂ) | ၈နှစ်နှင့် ၁၄နှစ် | ၃၀ နာရီ |